MAPCO E-newsletter
Issue 03, 2018 www.mapco.com.mm

## MAPCO နေပြည်တော်ဆန်စက် ပူးပေါင်းဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ မိတ်ဖက်များအား ဖိတ်ခေါ်ခြင်း

MAPCO နေပြည်တော် (ခေတ်မီဆန်စက်/ သိုလှောင်ရုံများ/ Siloများ၊ အခြောက်ခံစက်များ)တွင် စပါးဝယ်ယူသိုလှောင်ကြိတ်ခွဲရောင်းချသည့်လုပ်ငန်းကို Joint Operation စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များရှိပါက ဆက်သွယ်ညှိနှိုင်းဆွေးနွေးပြီး နှစ်ဖက်အဆင်ပြေပါက ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်** ဦးအောင်ဝင်း - အုပ်ချုပ်မှုဒါရိုက်တာ (MAPCO NPT)၊ ဖုန်း - (95-9) 5114114
ဦးတင်မောင်လွင် - လက်ထောက်အထွေထွေမန်နေဂျာ၊ ဖုန်း - (95-9) 450519351

## မြောင်းမြမြို့နယ်၊ ဂုန်နီစက်ရုံ၏ မြေလွတ်ဧရိယာအတွင်း စက်ရုံအလုပ်ရုံများ တည်ထောင်ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

ဧရာဝတီတိုင်း၊ မြောင်းမြမြို့နယ်၊ ဂုန်နီစက်ရုံဝင်းရှိ မြေလွတ်ဧရိယာအတွင်း လယ်ယာစိုက်ပျိုးရေး အခြေခံထုတ်လုပ်မှုလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများနှင့် ဒေသခံများအား အလုပ်အကိုင်ဖန်တီးပေးနိုင်သည့် လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများအနေဖြင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်** ဦးကြင်ဆွေ - စီမံကိန်းဒါရိုက်တာ၊ ဖုန်း - (95-9) 43132983
Email - admin@mapco-ygn.com, bod@mapco-ygn.com

## မအူပင်မြို့နယ်၊ စက္ကူစက်ရုံ၏ မြေလွတ်ဧရိယာအတွင်း စက်ရုံအလုပ်ရုံများ တည်ထောင်ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်ရှိ စက္ကူစက်ရုံဝင်းရှိ မြေလွတ်ဧရိယာအတွင်း လယ်ယာသားငါးမွေးမြူ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများနှင့် ဒေသခံများအား အလုပ်အကိုင်ဖန်တီးပေးနိုင်သည့် လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများအနေဖြင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်** ဦးနေမျိုးဝင်း- Chief Administration Officer ၊ ဖုန်း - (95-9) 5002019
ဒေါ်မြင့်မြင့်ချို - General Manager ၊ ဖုန်း - (95-9) 250647294
(Email) - admin@mapco-ygn.com, bod@mapco-ygn.com

## AFC ကုမ္ပဏီ၊ ဓါတ်မြေသြဇာစက်ရုံကို အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီး သီလဝါအထူးစီးပွားရေးဇုန်တွင် MAPCO မှ ပါဝင်ရင်းနှီးမြှုပ်နှံထားသော Agri First ကုမ္ပဏီ၏ဓါတ်မြေသြဇာစက်ရုံကို လာမည့်အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ အဆိုပါစက်ရုံတွင် ဂျာမနီနည်းပညာဖြင့် ရွှေအိုးစည် အမှတ်တံဆိပ်၊ ကူဂျာကူ အမှတ်တံဆိပ်စသည့် ဓါတ်မြေသြဇာများကို ပေါင်းစပ်ပြုပြင်ထုတ်လုပ်သွားမည်ဖြစ်ပါသည်။

**E-newsletter Team နှင့် ဆက်သွယ်လိုပါက admin@mapco-ygn.com သို့ ဆက်သွယ်နိုင်ပါသည်။**

## ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်အဖွဲ့ မြောင်းမြဂုန်နီစက်ရုံအတွင်း အကောင်အထည် ဖော်မည့်စီမံကိန်းများသို့ လာရောက်လေ့လာခြင်း

MAPCO မှ Developer အဖြစ်ဆောင်ရွက်မည့် မြောင်းမြဂုန်နီစက်ရုံ၏ မြေလွတ်ဧရိယာ (၃၃၄.၇၂)ဧကတွင် လယ်ယာကဏ္ဍ အခြေခံစက်မှုဇုန်ဖော်ဆောင်ရေးစီမံကိန်းများအတွက် ရောဝတီတိုင်းဒေသကြီး အစိုးရမှ ကန့်ကွက်ရန် မရှိကြောင်းထောက်ခံထားပြီး ပြည်ထောင်စုအစိုးရထံသို့ တင်ပြထားသော စီမံကိန်းသို့ ရောဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့ ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တိုင်းညွှန်ကြားရေးမှူးနှင့်အဖွဲ့တို့သည် (၅.၈.၂၀၁၈)ရက်နေ့တွင် လာရောက်လေ့လာကြည့်ရှုခဲ့ပါသည်။ အုပ်ချုပ်မှုဒါရိုက်တာမှ စီမံကိန်းကိစ္စများကို ရှင်းလင်းတင်ပြခဲ့ပါသည်။




## (ဒုတိယ)အကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခြင်း

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်(MAPCO) ဝန်ထမ်းများ၏ ဒုတိယအကြိမ်မြောက် စုပေါင်းသွေးလှူးဒါန်းခြင်း အစီအစဉ်ကို (၁.၈.၂၀၁၈) ရက်နေ့တွင် ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၊ ဗဟိုအမျိုးသားသွေးလှူ ဘဏ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။





## ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် ပါဝင်ကူညီဆောင်ရွက်

တိုင်းဒေသကြီးအစိုးရ၏ မေတ္တာရပ်ခံမှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လယ်ယာစီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်မှ ရောဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ကြက်ခတ်ကွေ့ ကျေးရွာနှင့်ဓနုဖြူမြို့နယ် ညောင်ချောင်းကျေးရွာတို့တွင် လျှပ်စစ်မီးလင်းရေးအတွက် Pole Mounted Xmer (200KVA, 11-6.6/0.4KV,NTC7 Tap.3P,200KVA ) Transformer (၂)လုံးကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၂)ရက်နေ့တွင် လှူဒါန်းခဲ့ပါသည်။

မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) မှ မြောင်းမြမြို့နယ်၊ မြို့မအားကစားကွင်းတွင် ကျင်းပပြုလုပ်သည့် အသက်(၁၉)နှစ်အောက် ဝန်ကြီးချုပ်ဖလား (၆)ခရိုင် ဘောလုံးပြိုင်ပွဲအတွက် ငွေကျပ်(၁၅)သိန်းနှင့် မြို့နယ်လုံးဆိုင်ရာ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဂုဏ်ထူးရ ကျောင်းသူ/သားများ၊ ဆရာ၊ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ခြင်းအတွက် ငွေကျပ်(၁၅)သိန်း၊ စုစုပေါင်း ကျပ်သိန်း(၃၀)ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးချုပ်၊ ဧရာဝတီတိုင်းဒေသကြီးမှ လက်ခံရယူပေးခဲ့ပါသည်။




## Asia Rice Bran Oil ဖွဲနုဆီစက်ရုံစီမံကိန်း ကိုယ်စားလှယ်အဖွဲ့၏ အိန္ဒိယနိုင်ငံ၊ မွမ်ဘိုင်းမြို့သို့ လေ့လာရေးခရီးစဉ်

ဂျပန်နိုင်ငံ၊ Fukuoka Seiyu နှင့် MAPCO တို့ပူးပေါင်းဆောင်ရွက်မည့် Asia Rice Bran Oil ဖွဲနုဆီစက်ရုံတည်ဆောက်ရေးစီမံကိန်း(ကျိုက်လတ်)အတွက် လိုအပ်မည့်စက်နှင့်စက်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များ၊ တည်ဆောက်ရေးပညာရှင်များအားခေါ်ယူနိုင်ရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုဆိုင်ရာ နည်းပညာများအတွက် ဆွေးနွေးလေ့လာနိုင်ရန် Fukuoka Seiyu နှင့် MAPCO မှ ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ၊ မွမ်ဘိုင်းမြို့သို့ ဇူလိုင်လ(၃၁)ရက်မှ ဩဂုတ်လ(၃)ရက်နေ့ထိ သွားရောက်ခဲ့ပါသည်။ အဆိုပါ ခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့မှ KUMAR Industries Co.,Ltd၊ Servotech India Limited Company၊ Trioka Company များသို့ သွားရောက်တွေ့ဆုံပြီး ဆွေးနွေးလေ့လာခဲ့ပါသည်။





## ထိုင်းနိုင်ငံ Riceland Company မှ MGL ဆန်စက်သို့ လာရောက်လည်ပတ်ခြင်း

ဩဂုတ်လ ၁၆ ရက်နေ့တွင် ထိုင်းနိုင်ငံ Riceland International Limited Company မှ Vice President ဖြစ်သူ Jennifer Sriprasert နှင့် ထိုင်းနိုင်ငံရှိ အခြားသက်ဆိုင်ရာ ပုဂ္ဂိုလ်များ ကျိုက်လတ်မြို့ရှိ MGL ဆန်စက်သို့ လာရောက်လေ့လာလည်ပတ်ခဲ့ပါသည်။ လာရောက်လည်ပတ်သည့်ကိစ္စနှင့် ပတ်သတ်၍ MGL ဆန်စက်ရှိ parboiled rice ထုတ်လုပ်လည်ပတ်မှုကို အဓိကထားကြည့်ရှုခဲ့ကြပါသည်။ Jennifer အနေဖြင့် စပါးအချို့ဝယ်ယူသိုလှောင်ပြီး MGL ဆန်စက်သို့ အခကြေးငွေသတ်မှတ်ကာ စက်ကိုငှားရမ်းလည်ပတ်ရန်အတွက် ဆန္ဒရှိသည်ဟု ပြောကြားခဲ့ပါသည်။ (MGL)

## တနင်္သာရီတိုင်းဒေသကြီးတွင် နာနတ်စိုက်ခင်းနှင့် စည်သွပ်စက်ရုံ ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်ဖက်တာဝန်ရှိသူများ ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲ

တနင်္သာရီတိုင်းဒေသကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် နာနတ်သီးစည်သွပ်စက်ရုံပူးပေါင်းဆောင်ရွက်ရေးအတွက် MAPCO နှင့် SAMROIYID Co., (SRY) တို့မှ နှစ်ဖက်တာဝန်ရှိသူများမှ ပထမအကြိမ်တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့တွင် မြိတ်မြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံပွဲတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများဖြစ်သော (၁)နှစ်ဖက်ရင်းနှီးမြှုပ်နှံမှုအချိုးအစား၊ (၂) စက်ရုံတည်ဆောက်ရန်လိုအပ်သော မြေဧရိယာအကျယ်အဝန်း၊ (၃) စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး၊ (၄)နှစ်ဖက်ပူးပေါင်းဆောင်ရွက်မည့်ပုံစံ၊ (၅) စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှုအခြေအနေတွင် ထည့်ဝင်မည့်ရှယ်ယာတန်ဖိုးအစရှိသော စိုက်ပျိုးရေး၊ တည်ဆောက်ရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြပါသည်။ မကြာမီ အချိန်တွင် နားလည်မှုစာချွန်လွှာ(MOU) ရေးထိုးသွားရန် သဘောတူညီမှုများရရှိ၍ ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါသည်။





## MGL အမှတ်တံဆိပ် အားဖြည့်ဆန်အတွက် နေပြည်တော်မှ FDA အသိအမှတ်ပြု Certificate ပေးအပ်

ဇူလိုင်လတွင် MGL အားဖြည့်ဆန်အတွက် နေပြည်တော်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဝန်ကြီးဌာနမှ FDA အသိအမှတ်ပြု လက်မှတ်ပေးအပ်ခဲ့ပါသည်။ ထို့ပြင် ဇူလိုင်လအတွင်း အားဖြည့်ဆန် ၁ ပြည်ခန့်အိတ် (2 kg) ပေါ်ဆန်းမွှေးအိတ်ရေအတွက် ပျှမ်းမျှအိတ်ရေ ၂၀၀၀ ခန့်ကို ရန်ကုန်မြို့တွင် ရောင်းချနိုင်ခဲ့ပါသည်။ ထို့ပြင် အားဖြည့်ဆန်ကို မြန်မာပြည်တစ်ဝှမ်း ပိုမိုကျယ်ပြန့်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေး၊ ပြည်သူများ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် ကုမ္ပဏီအနေဖြင့် ထပ်မံကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ (MGL)

## MyCo တွင် ပြန်လည်မှတ်ပုံတင်သွင်းနိုင်ရန် ဆောင်ရွက်မှုအခြေအနေ

၂၀၁၈ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့တွင် စတင်ကျင့်သုံးသည့် ၂၀၁၇ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီဥပဒေအရ ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ (၁.၈.၂၀၁၈) ရက်နေ့မှ (၃၁.၁.၂၀၁၉) ရက်နေ့အထိ MyCo Online စနစ်ဖြင့် ပြန်လည်၍ မှတ်ပုံတင်သွင်းရမည်ဖြစ်ပါသည်။ ယင်းသို့ ပြန်လည် မှတ်ပုံတင်သွင်းနိုင်ရန်အတွက် MAPCO အနေဖြင့် ၂၀၁၈ခုနှစ်၊ ဩဂုတ်လ(၂)ရက်နေ့တွင် ဖွဲ့စည်းပုံပြန်လည်ပြင်ဆင်ရေးဆွဲခြင်း၊ MyCo တွင် မှတ်ပုံတင်ခြင်းနှင့် ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းမှုပုံစံ ပြင်ဆင်သတ်မှတ်ခြင်း၏ဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပြီး ကြိုးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ အထူးလုပ်ငန်းအဖွဲ့သည် အပတ်စဉ်အစည်းအဝေးပြုလုပ်ပြီး စက်တင်ဘာလအတွင်း MyCo တွင် မှတ်ပုံတင်သွင်းနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပါသည်။

## တောင်သူဆွေးနွေးပွဲ ကျင်းပခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဦးဆောင်မှုဖြင့် တောင်ငူမြို့နယ်၊ မိုးကောင်းကျေးရွာရှိ တောင်သူကြီး ဦးသန်းမြင့်၏ ဘက်စုံပေါင်းစည်းလယ်ယာတွင် ၁၈.၈.၂၀၁၈ နေ့ နံနက် ၉း၀၀ နာရီမှ နေ့လည် ၁း၃၀ နာရီထိ MAPCO ၏ဝန်ဆောင်မှု လုပ်ငန်းများမိတ်ဆက်ခြင်းနှင့် စိုက်ပျိုးရေးအသိပညာများ ဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ အခမ်းအနားသို့ တောင်သူလယ်သမားများ၊ ကေတုမတီသမဝါယမအသင်းသားများ၊ တိုင်းဒေသကြီးနှင့် မြို့နယ် စိုက်ပျိုးရေးနှင့် သမဝါယမ ဦးစီးဌာန ဝန်ထမ်းများ စုစုပေါင်း အင်အား (၃၂၅)ဦးတက်ရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အကြံပေးပုဂ္ဂိုလ် ဆရာဦးအောင်ဆန်းမှ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် လိုက်နာရမည့်အချက်များ၊ ပန်းတိုင်အထွက်နှုန်းရရှိရန်အတွက် ဆောင်ရွက်ရမည့်အချက်များကို ဟောပြောဆွေးနွေးပြီး Agribusiness Unit မှ ဦးရဲသူရမှ MAPCO မှဆောင်ရွက်ပေးလျှက် ရှိသော ဝန်ဆောင်မှုများနှင့် ဓါတ်မြေသြဇာ၊ သီးနှံအခြောက်ခံစက် ဖြန့်ဖြူးရောင်းချပေးခြင်းတို့ကို ဆွေးနွေးခဲ့ပါသည်။

(Agribusiness Unit)







## တရုတ်နိုင်ငံ Tsinghua University မှ ပါမောက္ခနှင့် ကျောင်းသားများ တွံတေးမျိုးစေ့ထုတ် စိုက်ကွင်းသို့ လာရောက်ကွင်းဆင်းလေ့လာခြင်း

MAPCO နှင့် Beijing KangDiboa ကုမ္ပဏီတို့ ပူးပေါင်း၍ တွံတေး IRCP ဧရိယာတွင် တရုတ်နိုင်ငံမှ အထွက်တိုး စပါးမျိုးနှင့် ပြည်တွင်းမှ စပါးမျိုးများအား ဆန်စပါး မျိုးစေ့ထုတ် စမ်းသပ်စိုက်ပျိုးမှုအခြေအနေအား တရုတ်နိုင်ငံ ပေးကျင်း မြို့ရှိ Tsinghua University မှ ပါမောက္ခ(၁)ဦးနှင့် ကျောင်းသား(၉)ဦးတို့မှ (၂၄.၇.၂၀၁၈) ရက်နေ့တွင် ကွင်းဆင်း လေ့လာရောက်ကြပြီး MAPCO နှင့် Beijing KangDiboa မှ စိုက်ပျိုးရေးပညာရှင်များ၊ တာဝန်ရှိသူများမှ စိုက်ပျိုးထုတ် လုပ်မှုအခြေအနေအား ရှင်းလင်းတင်ပြမှုများနှင့် အပြန်အလှန်ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။ Agribusiness Unit



